အောင်အောင် (IR)

# အမြင့်ဆုံးမှတ် နှင့်

## အခြားဆောင်းပါးများစုစည်းမှု



7-Day News

The Voice

The Myanmar Post

The Myanmar Post Global

The Myanmar Review

သတင်းစာ၊ ဂျာနယ်များတွင် ရေးသားခဲ့သော

ဆောင်းပါးများစုစည်းမှု

အမြင့်ဆုံးမှတ်နှင့် အခြားဆောင်းပါးများ စုစည်းမှု

7-Day News

The Voice

The Myanmar Post

The Myanmar Post Global

The Myanmar Review

သတင်းစာ၊ ဂျာနယ်များ တွင် ရေးသားခဲ့သော ဆောင်းပါးများ စုစည်းမှု

*****

၂၀၁၀၆ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင်

ဘဝတစ်ပါး ကူးပြောင်း ကွယ်လွန်သွားခဲ့သော

ဖခင်ကြီး ဦးညွန့်ဖေသန်းသို့

အမှတ်တရ

*****

# ကိုယ်ရေးအကျဉ်း



# အောင်အောင် (IR)

အောင်အောင် (IR)

*၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ (၉)ရက်နေ့တွင် အဖ ဦးညွန့်ဖေသန်း (ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်)၊ အမိ ဒေါ်သောင်းမြင့် (အထက်တန်းပြ ) တို့ မှ ရန်ကုန်မြို့တွင် မွေးဖွား။

*ငယ်နာမည် မောင်မောင်၊ ကျောင်းနာမည် အောင်အောင်၊ ကလောင်နာမည် အောင်အောင် (IR)။

*၁၉၉၇ ခုနှစ်တွင် ရန်ကုန်အဝေးသင်တက္ကသိုလ်မှ သိပ္ပံဘွဲ့ (သတ္တဗေဒ)၊ ၂၀၀၄ ခုနှစ်တွင် ရန်ကုန် စီးပွားရေးတက္ကသိုလ်မှ စီးပွားရေးပညာ ဒီပလိုမာ တို့ အား ရရှိ။

*၂၀၀၄ ခုနှစ်တွင် ဂျပန်နိုင်ငံ၊ UFJ Foundation မှ ပေးအပ်သော ပညာသင်ဆုကို ရရှိခဲ့သဖြင့် ဂျပန်နိုင်ငံ၊ နာဂိုယာမြို့ရှိ Nanzan University တွင် ဂျပန်စာနှင့် ဂျပန်ယဉ်ကျေးမှုအား (၉)လကြာ လေ့လာသင်ယူခဲ့။

*၂၀၀၆ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ၊ ကိုရီးယား နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) မှ ပေးအပ်သော ပညာသင်ဆုကို ရရှိခဲ့သဖြင့် တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ် မြို့တော်ရှိ KDI School of Public Policy and Management တွင် (၁)နှစ်ခန့် လေ့လာသင်ယူခဲ့ပြီး နိုင်ငံတကာဆက်ဆံရေး ဆိုင်ရာ အထူးပြုဘာသာရပ်ဖြင့် Master of Public Policy (MPP) မဟာဘွဲ့ ရရှိခဲ့။

*၂၀၀၉ ခုနှစ်တွင် အမေရိကန်နိုင်ငံ၊ The Rotary Foundation မှ ပေးအပ်သော ပညာသင်ဆုကို ရရှိခဲ့သဖြင့် အမေရိကန်နိုင်ငံ၊ မြောက်ကာရိုလိုင်းနား ပြည်နယ်၊ ဒူရမ်မြို့၊ Duke University တွင် (၂)နှစ်ခန့်

လေ့လာသင်ယူခဲ့ပြီး ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ ဖြေရှင်းရေးဆိုင်ရာ အထူးပြုဘာသာရပ်ဖြင့် Master of International Development Policy ( MIDP) မဟာဘွဲ့ ရရှိခဲ့။

*ပြည်တွင်းအခွန်များ ဦးစီးဌာနတွင် အငယ်တန်း စာရေး၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ် ရေးဘဏ်တွင် လက်ထောက်မန်နေဂျာ ရာထူးဖြင့် နိုင်ငံတော်တာဝန်များ ထမ်းဆောင်ခဲ့။

* Save the Children တွင် Area Officer ၊ ကမ္ဘာ့ ကုလသမဂ္ဂ ဒုက္ခသည် များ ဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တွင် rotection Associate နှင့် ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှု အဖွဲ့ (UNESCO) တွင် National Programme Officer (Education) တာဝန်များ အသီးသီး ထမ်းဆောင်ခဲ့။

*အမေရိကန်နိုင်ငံ၊ နယူးယော့ပြည်နယ်၊ ဆီရာကျူ့စ် မြို့ရှိ ဒုက္ခသည် များ ပြန်လည်ပြုစု ပျိုးထောင်ရေးဌာန (InterFaith Works of Central New York)) တွင် အလုပ်သင်အဖြစ် လည်းကောင်း၊ ဆွီဒင်နိုင်ငံ၊ စတော့ဟု မ်းမြို့တော်ရှိ Institute for Security and Development Policy တွင် ဧည့်သုတေသီ အဖြစ်လည်းကောင်း တာဝန်များ ထမ်းဆောင်ခဲ့။

*စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ တရုတ်၊ ဟောင်ကောင်၊ ကိုရီးယား၊ ဂျပန်၊ ဆွီဒင်၊ ဖင်လန်၊ ပြင်သစ်၊ ဂျာမနီ၊ ဘယ်လ်ဂျီယံနှင့် အမေရိကန်ပြည်ထောင်စုတို့ သို့ ရောက်ရှိနေထိုင် လေ့လာ လည်ပတ်ခဲ့။

*ယခုလက်ရှိ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံရုံးတွင် နိုင်ငံရေးအရာရှိ တာဝန်များကို ထမ်းဆောင်လျက်ရှိ။

*၂၀၀၇ ခုနှစ်တွင် 7-Day Weekly News Journal ၌ ဆောင်းပါးများ

စတင်ရေးသားခဲ့ပြီး ယနေ့အထိ သတင်းစာ၊ ဂျာနယ်များ ၌ ပညာရေး၊ လူမှုရေး၊ နိုင်ငံရေး ဆောင်းပါးပေါင်း ၂၀၀ ခန့် ရေးသားခဲ့ ပြီးဖြစ်။

*ဆွီဒင်နိုင်ငံတွင် ဧည့်သုတေသီအဖြစ် တာဝန် ထမ်းဆောင်စဉ် မြန်မာနိုင်ငံ နိုင်ငံရေး ပါတီများ နှင့် ပတ်သက်၍ လေ့လာသုံးသပ် သည့် စာတမ်းအား အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့။

*၂၀၁၃ ခုနှစ်တွင် "ကံကောင်းခြင်း၏ နောက်ကွယ်၌ နှင့် အခြားဆောင်းပါးများ စုစည်းမှု" စာအုပ်ကို ထုတ်ဝေခဲ့။

*၂၀၁၄ ခုနှစ်တွင် "ကမ္ဘာပျက်မယ့်နေ့ နှင့် အခြားဆောင်းပါးများ စုစည်းမှု" စာအုပ်ကို ထုတ်ဝေခဲ့။

*၂၀၁၅ ခုနှစ်တွင် "အမြင့်ဆုံးမှတ်နှင့် အခြားဆောင်းပါးများ စုစည်းမှု" စာအုပ်ကို ထုတ်ဝေခဲ့။

*****

## စာရေးသူ၏ အမှာ စာ

ဤစာအုပ်သည် စာရေးသူ၏ တတိယမြောက် ဆောင်းပါးများ စုစည်းမှုစာအုပ် ဖြစ်ပြီး ယခင်စာအုပ်များကဲ့သို့ ယခုစာအုပ်တွင် လည်း သတင်းစာ၊ ဂျာနယ်အသီးသီးတွင် အသစ်ထပ်မံ ရေးသားခဲ့သော ဆောင်းပါး များကို ပညာရေး၊ လူမှုရေး၊ နိုင်ငံရေး ကဏ္ဍ ၃ ပိုင်း ခွဲခြားဖော်ပြထား သည် ။ ယခုခေတ်ကာလတွင် မြန်မာ့အခြေအနေ၊ ကမ္ဘာ့အခြေအ

နေများ သည် ဘက်ပေါင်းစုံမှ အလျှင်အမြန် ဖြစ်ထွန်း ပြောင်းလဲနေသည် ဖြစ်ရာ အကြောင်းအရာ တစ်စုံတစ်ခုတည်း အပေါ် အာရုံစိုက်ရုံမျှဖြင့် ခေတ်ကာလ အရှိန်အဟုန်ကို အမီလိုက်နိုင်မည် မဟုတ်ပေ။ ပညာရေးကို အာရုံစိုက်လျှင် လူမှုရေးကို နားလည်ရန် လိုသလို နိုင်ငံရေးကိုလည်း ထည့်သွင်းစဉ်းစားရန် အရေးကြီးသည် ။ ယနေ့ခေတ်ကာလတွင် အရာအားလုံးသည် ပညာဖြစ်သည် ။ အမှား၊ အမှန် ခွဲခြားသိမြင်၍ လေ့လာလိုက်စား တတ်ကြရန်သာ လိုသည် ။ လေ့လာလိုက်စားလိုစိတ် ရှိရန်လိုသည် ။ ဤစာအုပ်သည် ပညာလိုလားသူ အားလုံးအတွက် တစ်စုံတစ်ရာသော တွန်းအား၊ စေ့ဆော်မှု တစ်ရပ် ကို ဖြစ်စေလိမ့်မည်ဟု ယုံကြည်သည် ။ ဤစာအုပ် ဖြစ်မြောက်စေရန် ဝိုင်းဝန်းကူညီ ဆောင်ရွက် ပေးခဲ့ကြသော မိသားစုဝင်များ ၊ အထူးသဖြင့် စာရေးသူ ယခုကဲ့သို့ ဆောင်းပါးများ စွာ ရေးသားနိုင်သည့် အသိဉာဏ်ပညာ ပြုစု ပျိုးထောင်ပေးခဲ့သည့် ကွယ်လွန်သူ ဖခင်ကြီး ဦးညွန့်ဖေသန်း၊ မိတ်ဆွေ သူငယ်ချင်းများ ၊ စာရေးသူ၏ ဆောင်းပါးများကို ထည့်သွင်း ဖော်ပြခဲ့ကြသော သတင်းစာ ၊ ဂျာနယ်တိုက်များအား ကျေးဇူးများ စွာ တင်ရှိပါကြောင်း မှတ်တမ်းပြုဖော်ပြအပ်ပါသည် ။

**အောင်အောင် (IR)**

aa33mm33@gmail.com

Facebook: Aung Aung IR

*****